သစ်ခက်ကား - ၁-၁၇


# သစ်ခက်ကား

ဝိညာဉ်ရေးရာစာစောင်

> ငါဟောပြောသော ဤစကားကို စိတ်နှလုံး၌ သွင်းထား၍ လက်၌ လက္ခဏာ သက်သေဖို့ရာငင်း၊ မျက်စိကြားမှာ သင်းကျစ်ကဲ့သို့ ငင်း၊ ချည်ထားရကြမည်။ တရားဟော ၁၁း၁၈

စာစောင်စဉ် ( ၁၈ ) ဖေဖော်ဝါရီလ ၂၀၀၃ ခုနှစ် ဓမ္မဒါန ( လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း ထုတ်ဝေဖြန့်ချိသည် )

## “ဆရာ —— (သို့မဟုတ်) ——”



မြန်မာနိုင်ငံသည် လွန်စွာ ယဉ်ကျေးသောနိုင်ငံ ဖြစ်သည်။ တစ်ဦးနှင့် တစ်ဦး ဆက်ဆံသွယ်ပြောဆိုရာ၌ အသင့်တော်ဆုံး၊ အသင့်တော်ဆုံး၊ စကားလုံးများကိုသာ ရွေးချယ်ပြောဆိုလေ့ရှိကြသည်။ ပြောဆိုသော စကားများသည်၊ နားဝင်ချို၍ သာယာနာပျော်ဘွယ်ရှိသည်။ ဤဓလေ့ကို နိုင်ငံရပ်ခြားတွင် မတွေ့ရပါ။ မြန်မာနိုင်ငံမှ နိုင်ငံခြား ရောက်နေသူများကလည်း မြန်မာ့ဓလေ့ကိုသာ ဆက်လက် လက်ခံကျင့်သုံးကြသည်။ ဤနေရာ၌ “ဆရာ” ဟူသော ဝေါဟာရကို ပို၍စိတ်ဝင်စားခဲ့ပါသည်။

ကျွန်ုပ်ရောက်နေသော စင်ကာပူတွင် ကျောင်းသားများက သူတို့ ဆရာများကို Mr (သို့) Mrs စသည်ဖြင့် နာမည်ဖြင့်သာ ခေါ်ရသည်။ Teacher ဟုမခေါ်ရပါ။ အလွန်ဆန်းပါသည်။ မြန်မာလိုပြောရလျှင် “ဆရာ ဦးဖေမျာ” ဆိုသူအား “ ဦးဖေမျာ” ဟု သံပြတ်နှင့် ခေါ်သကဲ့သို့ ရှိပါသည်။ မြန်မာစကားဖြင့် နားထောင်မိလျှင် အလွန်ရိုင်းသည်ဟု ဆိုဘွယ်ရာဖြစ်သည်။

ကျွန်ုပ် မွေးရပ်မြေဖြစ်သော မော်လမြိုင်၌ တစ်ဦးနှင့်တစ်ဦး ယဉ်ယဉ်ကျေးကျေး ခေါ်ကြသနည်းဟု ဆိုပါလျှင်၊ မမြင်ဖူး၊ မသိဖူး သူအား နာမည် မေးမနေတော့ဘဲ၊ “ဆရာ” ဟုခေါ်လေ့ရှိပါသည်။ ဆိုက်ကားနင်းသူကို ‘ဆိုက်ကားဆရာ’ ဟုခေါ်လေ့ရှိပြီး၊ မြင်းလှည်းမောင်းသူကို ‘မြင်းလှည်းဆရာ’ ဟုခေါ်ပါသည်။ ထိုသူတို့၏ ဇနီးမယားကို “ဆိုက်ကားဆရာကတော်” “မြင်းလှည်းဆရာကတော်” “လက်သမားဆရာကတော်” စသဖြင့် နာမည် မခေါ်ဘဲ၊ ယဉ်ကျေးသောစကားလုံးများကိုသာ ရွေးသုံးပါသည်။ ချစ်စရာ ကောင်းသော ဓလေ့ဖြစ်ပါသည်။

ကျွန်ုပ်သည် မြန်မာနိုင်ငံတွင် ကျောင်းဆရာမ အဖြစ် လုပ်သက် ၁၆ နှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ရာမှ တာဝန်မထမ်းဆောင်တော့ဘဲ အလုပ်မှ နုတ်ထွက်ခဲ့သော်လည်း ရပ်ကွက်ထဲတွင် ကျွန်ုပ်အား ‘ဆရာမ’ ဟု ဆက်လက် ခေါ်နေဆဲဖြစ်သည်။ ယခု စင်ကာပူ ရောက်သည်အထိ ယခင်မိတ်ဟောင်းများက “ဆရာမ” ဟုခေါ်သဖြင့် မိတ်သစ်များကပါ “ဆရာမ” ဟုဆက်ခေါ်ကြပြန်သည်။ ယဉ်ကျေးသော ဤအခေါ်အဝေါ်ကို လက်ခံပါသည်။ ကျွန်ုပ်၏ အမည်ကို ခေါ်မည့်အစား ‘ဆရာမ’ ဟုခေါ်လျှင် ပို၍လွယ်သောကြောင့် ဖြစ်မည်ထင်ပါသည်။ ယနေ့ ဘုရားသခင်၏ အမှုတော်ဆောင်များကိုလည်း အများက “ဆရာ” ဟုခေါ်ကြပါသည်။ ဘုရားသခင်၏ နှုတ်ကပါတ်တော်ကို မြိန်ရှက် သွန်သင်သူများအဖြစ် လေးစားသမှုပြု၍ ခေါ်ဆိုကြခြင်းဖြစ်သည်။ ကျောင်းဆရာ က ကျောင်းသားများအား ပညာသွန်သင်ရသော ဆရာ ဖြစ်သည်။ ကျောင်းသား များက သူ့တပည့်ဖြစ်သည်။

နှုတ်ကပါတ်တော် သွန်သင်သူအတွက်မူ ထိုသို့မဟုတ်ရပါ။ တပည့် ဟူ၍ မရှိပါ။ ညီအစ်ကိုသာ ရှိပါသည်။ တပည့် မမွေးရပါ။ သားသမီးသာ မွေးရပါသည်။ ဝိညာဉ်သားသမီး ဟူ၍ခေါ်လေ့ရှိပါသည်။ သားသမီးများ ရင့်ကျက်လာလျှင် ညီအစ်ကိုချင်း ဖြစ်စေရပါသည်။ တခါတရံ သားသမီးများက ဖခင်ထက်ပင် နှုတ်ကပါတ်တော်၌ ပို၍နိုင်နင်းသွားတတ်သေးသည်။ ဘဲဥထက် သားက တစ်လကြီးသွားလျှင် အလွန်ဝမ်းမြောက်ပါသည်။ ကျွန်ုပ်၏ ဝိညာဉ်သားသမီးများ ယခု သင်းအုပ်ဆရာ၊ ဆရာမများ ဖြစ်နေကြပါသည်။ ကျွန်ုပ်ကတော့ ယခင်မူလအတိုင်း ရှိနေဆဲဖြစ်သော်လည်း သူတို့လေးတွေ ရင့်ကျက် တိုးတက်လာသောကြောင့် မျက်ရည်ကျသည်အထိ ဝမ်းမြောက်မိပါသည်။ ယနေ့အမှုဆောင်များ လွယ်ကူစွာ အပြောများသော “ဘယ်သူကတော့၊ ငါ့တပည့် ၊ ဘယ်သူကတော့ ငါ့တပည့် ” ဆိုသော စကားစု များကို ဆင်ခြင်ရပါမည်။


ခရစ်တော်၌သာ တပည့်တော်ချင်း ဖြစ်ကြပြီး၊ အချင်းချင်းတမူ ညီအစ်ကိုချင်း သာဖြစ်ရပါမည်။ အများက ယဉ်ကျေးစွာ လေးစားသောအားဖြင့် ခေါ်ဆိုသော “ဆရာ” ဟူသည့်ဝေါဟာရကြောင့် မိမိကိုယ်ကို ဘဝင် မမြင့်သွားပါနှင့် ။ ကျမ်းစာပေါ်၌ သုံးသပ်၍ အဆက်တာကို မှိန်ခဲ့စေလျှင် အရာရာ၌ ဆင်ခြင်ပါ။ “အစေခံကောင်းသော စေါင်းနှံသည် ညွှတ်ရပါမည်။” ဝိညာဉ်ရေးရာ၌ မြင့်လျှင် ပို၍နှိမ့်ချ အစေခံခြင်း ရှိလာပါလိမ့်မည်။ ကိုယ်ထက် ဝိညာဉ်ရေးရာ နုငယ်သူများကို အစေခံလို (ခြေဆေးလို) သောစိတ်ဓါတ် ရှိရပါမည်။

အများက နေရာပေးတိုင်း နေရာမယူပါနှင့်။ မိမိသည် ဘုရားရှင်၏ အစေခံ သက်သက်မျှသာ ဖြစ်ကြောင်း အစဉ်သတိရလျက် နှိမ့်ချပါ။ ထိုသို့ပြုခြင်း အားဖြင့် ဘုရားသခင်ရှေ့၌ မျက်နှာသာ ရသောသူများ ဖြစ်ပါစေ။ ။ [ ဟန္န ]

မင်း အောင် သစ် လွင် မိ စု ထုတ် ဝေ သည်

သင်ခန်းစာ ၂.၁၈

# ယာကုပ် ထံ ပေါလု ပေးစာ ---



ချစ်သူငယ်ချင်း ယာကုပ်၊

နေကောင်းပြီး ကျန်းမာရဲ့လား?

ဘုရားရှင် မင်းကို ကောင်းကြီးပေးပါစေ။ မင်းတို့ဆီမှာ အစာရေစာခေါင်းပါး တဲ့ အခြေအနေက ပိုဆိုးလာတယ်လို့ ငါသတင်း ကြားတယ်။ မင်းတော့ နပ်မှန်အောင် စားဖို့ အစာရှိရဲ့လား?

တစ်ခုကိုတော့ ငါ ယုံကြည်နေတယ်။ အဲဒါက ဘာလဲဆိုတော့ မင်းတို့ဆီက ခရစ်ယာန် အချင်းချင်း တစ်ယောက်ကို တစ်ယောက် ခရစ်တော်ရဲ့ နာမနဲ့ ကူညီဖေးမမယ် ဆိုတာကိုပဲ။
မင်းလဲ မင်းမှာရှိတဲ့ အနည်းငယ်သော အရာလေးတွေကို အငယ်ဆုံးသော သူတွေအတွက် ဝေမျှပေးနေမယ်လို့ ငါယုံတယ်။

ငါ့အတွက် မင်းစိတ်ပူချင် ပူနေလိမ့်မယ်။ ဒါပေမဲ့ မင်းကိုငါ ပြောစရာ သတင်း တစ်ခု ရှိတယ်။ ငါရောက်တဲ့ ဘုရားကျောင်းတိုင်းမှာ မင်းအကြောင်းကို ပြောဖြစ်တယ်။ တစ်ချို့ ဘုရားကျောင်း တွေက မင်းအတွက် အလှူငွေ ကောက်ခံပေးနေကြတယ်၊ မင်းဆီကို အမြန်ဆုံး ပို့နိုင်အောင် ငါကြိုးစားမယ်၊

ပေးဆပ်တဲ့ လူတိုင်းက စေတနာစိတ် အပြည့်ရှိကြတယ်၊ အလွန်သဖြင့် မာကေဒေါနိမြို့မှာ ရှိတဲ့ ဘုရားကျောင်းပဲ၊ သူတို့ကတော့ တကယ်ကျပ်တည်းတဲ့ကြားက တတ်နိုင်သလောက် ကူညီကြတယ်။ မင်းကို သူတို့ တကယ်ကူညီချင်တယ်၊

ဒီအတိုင်းဘဲ ကျန်တဲ့ ဘုရားကျောင်းက လူတွေအားလုံးလဲ တတ်နိုင်တဲ့ဖက်က ကူညီဖို့ စိတ်အားထက်သန် ကြတယ်၊

မကြာခင်တွေ့မယ်။
ထာဝစဉ် ... " ပေါလု "



ဝန်ခံချက်။ ။ ကောရိန္တု ဒုတိယစောင် ၈ : ၁ – ၇ ကိုမှီငြမ်း ရေးသားပါသည်။

( ချစ်သောမိတ်ဆွေ ...
ယာကုပ် ဆီကို ပေါလု ရေးလိုက်တဲ့စာလေးကို ဗိညာဉ်တော် မျက်စိနဲ့ ဖတ်ပြီး၊ သင့်ရဲ့ စိတ်နှလုံး တံခါးကို သာသနာအတွက် ဖွင့်ပေးနိုင်ပါစေလို့ ...... )
ခရစ်တော်၌
**ထူးထူးထိုက်**

oooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooooo

## [illegible]

၁၉၉၃ ခုနှစ် ၊ အသက် ၁၃ နှစ်မှာ ၊
ကစားဖော် သူငယ်ချင်း တစ်ယောက်က၊ ဆရာမ တစ်ယောက် သူ့ကို ကျမ်းစာသင်ပေးတာ
မျက်ရည်တောင်ကျပြီး ၊ ခရစ်တော်အကြောင်း ပိုသိလာရတယ် ဆိုတာနဲ့ ၊
အမှတ်တမဲ့ လိုက်သွားရင်းက
ခရစ်တော်ရဲ့ ကယ်တင်ခြင်းအကြောင်း ( ယော ၃း၁၆ ၊ ရောမ ၅း၈ ) ကျမ်းချက်များနဲ့
စိတ်နှလုံးထဲမှာ ခရစ်တော်လိုကြောင်း သိလာရလို့
ခရစ်တော်ကို စိတ်နှလုံးထဲ ဖိတ်ခေါ်လက်ခံပြီး
ကယ်တင်ခြင်း ဆုကျေးဇူး ရခဲ့ပါတယ်။
***စထိုက်ဝေဆိုင်***

မည်သူမဆို ခေါင်းစဉ်များ ရေးသားပေးပို့ နိုင်ပါသည်။ နိုင်ငံရေး လူမျိုးရေး ဂိုဏ်းဂဏနှင့် ငြိစွန်း ပါဝင်သက်ဆောင်သော ဆောင်းပါးများကို လုံးဝ လက်မခံပါ၊


## တဲပျက်ထဲက အဖြစ်အပျက်

* အစာအိမ် လိမ်ခေါက်
သူစိတ်ကောက်တဲ့ နေ့ကလေးတွေ
လက်ချိုးရေတွက် မှတ်မနိုင်ခဲ့သော်
ဝိတာမင်အပြည့်
အားအင်ဖြည့်တဲ့
ဆန်ပြုတ် တစ်ခွက်လေး ရှိသေးတယ်။


** ပုတ်စပ်နံဟောင်
လူတွေရှောင်တဲ့ တစပြင်မှာ
မြေပုံတွေပြည့် အုတ်ဂူစေ့ပေမယ့်
အိမ်မက်ချိုချို ကေးသံပျို့တဲ့
မှေးစက်နေရာ
တဲတစ်လုံးတော့ ကျန်သေးတယ်။

*** လမိုက်သန်းခေါင် မိုးပိန်းပိတ်မှောင်
ဘဝရဲ့နိဂုံး အဆုံးသတ်ချိန်မှာ
တဲအိုပျက်တွင်း လူတစ်ယောက်ရဲ့
ညည်းငြူသံတိတ် နှလုံးသားမှာ
ယေရှုရှင်တော် ရှိနေသေးတယ်။

*(မင်းထွန်းသက်လွင်)*



## အလိုတော်ကို ငြင်းပယ်ခြင်း



'သင်' ပျော်မယ်ထင်လို့
'သခင်' က သင့်ကို
စင်ပေါ်တင် ချီးမြှောက်ခဲ့ပေမဲ့ …

စင်ပေါ်မှာ 'သင်' မျှော် သလို
ထင်ပေါ် မလာခဲ့လေတော့ …


စင်အောက်ကို ၊ အမြင်မှောက်ပြီး
မြန်ခုန်ဆင်းလိုက်ချိန် …
စင်အောက်မှာ 'သင်' ပျောက်ကွယ်သွားပြီပေါ့။

*(မင်းအောင်သက်လွင်)*



ပါဝင်စကား ၄ - ၁၇

# အချိန်မနှောင်းခင်




စာမေးပွဲကျတဲ့ ခံစားမှုမျိုးကို ကျောင်းတက်တဲ့သူတိုင်း သိကြမှာဖြစ်ပါတယ်။ ဘာလို့ စာမေးပွဲ ကျတာလဲဆိုတာ ကိုလူတိုင်းသိမှာပါ။ အဖြေကတော့ ပြင်ဆင်မှုမရှိခြင်း၊ ကြိုးစားအားထုတ်မှု နည်းခြင်း နဲ့အတူ သတိလက်လွတ် အမှုမဲ့အမှတ်မဲ့ နေလို့ပဲဖြစ်ပါတယ်။ အဲ့ဒါ ကျွန်မ ကိုယ်တိုင် ခံစားရဖူးလို့ပေါ့။ ကျွန်မဟာ သူငယ်တန်းကစပြီး၊ ကိုးတန်းအထိ တစ်ခါမှစာမေးပွဲ မကျဖူးပါဘူး။ မကျတဲ့အပြင် ဆုတွေလဲ ရခဲ့ပါတယ်။ ဆယ်တန်းနှစ်ကို ရောက်လာတဲ့အခါ ကျွန်မ စိတ်နည်းနည်း လေချင်လာတယ်။ ဆယ်တန်းဆိုတာ ဘဝကိုအဆုံးအဖြတ်ပေးတဲ့ အတန်းလို့ လူကြီးတွေ ဆုံးမဖူးပါတယ်။ ဒါပေမဲ့ အဲဒါတွေကို လျစ်လျူရှုပြီး စာကျက်ရမဲ့ အစား၊ ဝတ္ထုဖတ် ၊ ဇီဇီယိုကြည့် ၊ သူငယ်ချင်းတွေနဲ့ အချိန်ဖြုန်း နေတတ်ပါတယ်။ ဒီလိုနဲ့ စာမေးပွဲအစမ်းကြီး ဖြေရမဲ့အချိန်ကို ရောက်လာခဲ့ပါတယ်။ အဲဒီအချိန်မှာ စိတ်နည်းနည်း လှုပ်ရှားလာပါတယ်။ သူငယ်ချင်းတွေ စာမေးပွဲ အောင်ရင်၊ ကိုယ်လဲအောင်ချင် လာပါတယ်။

တစ်နှစ်ပါတ်လုံး တန်ဖိုးရှိတဲ့အချိန်တွေကို ဖြုန်းတီး ပစ်ပြီး နောက်ဆုံး စာမေးပွဲကြီး ဖြေရမဲ့ အချိန်ရောက်မှ အသိစိတ်တွေ ပြန်ဝင်လာခဲ့ပါတယ်။ ကျွန်မရဲ့ စိတ်တွေ ဆောက်တည်ရာမဲ့ပြီး၊ နှိုးငိုမှုတွေ ကြီးစိုးလာတဲ့အပြင် ငြိမ်သက်ခြင်းလည်း ကင်းမဲ့နေခဲ့ပါတယ်။ စာကျက်ရတာလည်း လုံးဝ အဆင်မပြေဘဲ ၊ စာတစ်ပိုဒ်ရဖို့ သာမာန်အချိန်ထက်ပိုပြီး အချိန်ယူမှ ကျက်လို့ရတယ်။ ကျွန်မ ဆုံးရှုံးမှုတွေနဲ့ ရင်ဆိုင်ရတော့မယ်ဆိုတာ စိတ်ထဲမှာ သိရှိခံစားမိခဲ့ပါတယ်။ ကျွန်မ စာမေးပွဲမဖြေခင် သုံးလပါတ်လုံး စာကိုနေ့နေ့ညည ကြိုးစားပြီး ဖတ်သော်လည်း ကျွန်မဟာ စာမေးပွဲ ကျခဲ့ပါတယ်။

အောင်စာရင်း ထွက်တဲ့နေ့မှာ ကျွန်မ အရမ်းကို ကြေကွဲစွာခံစားရပြီး နောင်တ တွေလည်း အများကြီးရခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်မ ရခဲ့တဲ့နောင်တ က အရမ်းကို နောက်ကျသွားခဲ့၊ ၂။ "တစ်နှစ်" ဆိုတဲ့ တန်ဖိုးရှိတဲ့ အချိန်ကို ကျွန်မ ဆုံးရှုံးခဲ့ရသလို အတန်းတူ သူငယ်ချင်းတွေက ကျော့မော့လုပ်စွာနဲ့ တက္ကသိုလ်ကျောင်းမှာ တက်ရောက်ပညာသင်ကြား နေချိန်မှာ ကျွန်မ ကတော့ ကိုယ့်ထက်အသက်ငယ်သူတွေနဲ့ အတူ ရှက်ရွံ့မှုများစွာနဲ့ အတန်းဟောင်းမှာ ဆက်လက်ပညာ သင်ကြားခဲ့ရပါတယ်။

ဒီအတိုင်းပါဘဲ ... လောကကြီးထဲမှာ နေထိုင်အသက်ရှင်ကြတဲ့ ကျွန်မတို့ အယောက်စီတိုင်း သတိထားရမဲ့အချက်က ယခုအချိန်ဟာ နောက်ဆုံးသော အချိန်ကို ရောက်ရှိလာပါပြီ။ ဘုရားရှင်ရဲ့ ဒုတိယအကြိမ် ကြွလာမဲ့ အချိန်နာရီဟာလည်း နီးကပ်လို့လာပါပြီ။ ကျွန်မ တို့ဟာ ဘေးပါတ်ဝန်းကျင်မှာ ရှိတဲ့သူတွေနဲ့ ရေလိုက် ငါးလိုက် အသက်ရှင်သွားတော့မှာလား။ ဘုရားရှင်ရဲ့ အလိုတော်နဲ့ မညီတဲ့အသက်တာ၊ ဘုရားရှင်ရဲ့ ဘုန်းတော် နာမတော် ကဲ့ရဲ့စရာဖြစ်မဲ့ အသက်တာနဲ့ အသက်ရှင် နေထိုင်သွားတော့မှာလား။ မိမိရဲ့ အသက်တာကို ပြန်လည်ဆန်းစစ်ပါ။

ကျွန်မရဲ့ အဖြစ်အပျက်လေးက လက်တွေ့ သက်သေခံလို့ နေပါတယ်။ ကျွန်မဒီလို ဆုံးရှုံးမှုတွေနဲ့ ရင်ဆိုင်ရတာက ပြင်ဆင်မှု မရှိခြင်း၊ တန်ဖိုးရှိတဲ့ အချိန်တွေကို အလဟဿ ဖြုန်းတီးပစ်ပြီး၊ ကိုယ့်စိတ်တိုင်းကျ အသက်ရှင်လို့ဘဲ ဖြစ်ပါတယ်။

အဲဒီအတိုင်းဘဲ ကျွန်မတို့ဟာလည်း ဝိညာဉ်ရေးရာမှာ ဆုံးရှုံးမှုတွေနဲ့ မကြုံရအောင် အချိန်မနှောင်းခင်မှာ မိမိရဲ့ အသက်တာကို ပြန်လည်ဆန်းစစ်ပြီး၊ သခင့်အလိုကျ အသက်ရှင်ကြရအောင် ... ဒါမှမဟုတ် ကိုယ့်စိတ်တိုင်းကျ နေထိုင်အသက်ရှင်ကြမယ် ဆိုရင်တော့ ထာဝရ ငရဲ ဆိုတဲ့ ကန့်နဲ့ရောတဲ့ မီးအိုင်ကြီးထဲမှာ ပူလောင်ပြင်းပြမှုတွေကို ထာဝရ ခံစားသွားရတော့မယ်ဆိုတဲ့ ဆုံးရှုံးမှုကို ရင်ဆိုင်ရမှာ ကေန်မလွဲဘဲဖြစ်ပါတယ်။

မိတ်ဆွေ ကျွန်မတို့အတွက် လမ်းနှစ်သွယ်ဘဲရှိပါတယ်။ တစ်လမ်းကတော့ အိုခြင်း၊ နာခြင်း ၊ သေခြင်း ကင်းမဲ့တဲ့ ကောင်းကင်နိုင်ငံတော်မှာ ကျွန်မတို့ အပြစ်သားတွေကို ချစ်တဲ့ သခင်ခရစ်တော်ဆီကို သွားရမဲ့လမ်းဖြစ်ပြီး နောက်တစ်လမ်းကတော့ ထာဝရ ပူလောင်ပြင်းပြတဲ့ ငရဲကို သွားရမဲ့ လမ်းဘဲ ဖြစ်ပါတယ်။

အဲဒါကြောင့် ... မိတ်ဆွေကြိုက်တဲ့ လမ်းကို ရွေးချယ်ပါ။ ဘုရား အလိုမရှိတဲ့ အသက်တာနဲ့ အသက်ရှင်ပြီးမှ မိမိရဲ့ အပြစ်တွေအတွက် နောင်တ ရတယ်ဆိုရင်၊ အချိန်မနှောင်းခင်မှာ မိမိရဲ့ အပြစ်တွေကို ခရစ်တော်ဆီမှာ ဝန်ချကြရအောင် ...

ဒါမှမဟုတ် ... ရေလိုက်၊ ငါးလိုက် အသက်တာနဲ့ဘဲ၊ ဆက်လက်ပြီး အသက်ရှင်မယ် ဆိုရင်တော့ ... ... ...

ယော ၁၇:၃ ထာဝရ အသက်ဟူမူကား။ ——— စေလွှတ်တော်မူသော ယေရှုခရစ်ကို လည်းကောင်း ——— သိကျွမ်းခြင်းတည်း။

ရောမ ၆:၂၃ အပြစ်တရား၏ အခကား သေခြင်းပေတည်း။ ——— ငါတို့ သခင်ယေရှုခရစ်အားဖြင့် ၊ ထာဝရ အသက်ပေတည်း ။

နှစ်သစ်မှာ အသစ်သော အသက်တာနဲ့ သခင့် အလိုကျ အသက်ရှင်ကြရအောင်

နော်နှီနှီချစ် (Grace)

MIN AUNG THET LWIN 4 TUAS AVE 10 SINGAPORE 639128